၂၂ ရက် မေလ ၂၀၁၃

ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှသတင်းထုတ်ပြန်ကြေငြာချက်

**ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ဆထက်တိုးပြင်းထန်လာသည့်ပဋိပက္ခများ ကာကွယ်ရေးအတွက် ဦးသိန်းစိန် နှင့် တရုတ် ရေနံပိုက်လိုင်းစီမံကိန်းရပ်တန့်ရမည်။**

ယနေ့ မြန်မာအစိုးရစစ်တပ်က ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကြောင့် ရွာသူရွာသားပေါင်း ၃၀၀၀ ကျော်ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ဤထိုးစစ်သည် တရုတ်မြန်မာရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် တိုက်ရိုက်ဆက်စပ်၍ ပဋိပက္ခပိုမိုပြင်းထန်လာမည်ကို ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများ အထူးစိုးရိမ်ပူပန်မိပါသည်။ ထိုးစစ်၊ ပဋိပက္ခများ နှင့် အကြမ်းဖက်မှုများ အရှိန်အဟုန်မပြင်းလာခင် သမ္မတဦးသိန်းစိန် နှင့် တရုတ် ရေနံပိုက်လိုင်းစီမံကိန်း အမြန်ဆုံးရပ်တန့်ရန် ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှ အလေးအနက်တိုက်းတွန်းပါသည်။

မေလ ၉ ရက်တွင် တရုတ်နိုင်ငံနယ်စပ်အတွင်း ဖြတ်သန်းသွားမည့်ရေနံပိုက်လိုင်းအနီးမှ အခြေချ တပ်စွဲထားသော ရှမ်းပြည်တပ်မတော်တောင်ပိုင်းအား မြန်မာစစ်တပ်မှ အမြောက်များဖြင့် စတင်ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ထိုစစ်ပွဲကြောင့်ရွာပေါင်း ၃၂ ရွာမှ ရွာသူရွာသားများ အိုးအိမ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ရွာသူရွာသား ၂၀၀၀ ခန့်မှာ တရုတ်နိုင်ငံအတွင်းသို့ ပြေးဝင်သွားပြီး ၁၀၀၀ ဦးခန့်မှာ နမ့်ခမ်းမြို့တွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ရွှေလီမြစ်တောင်ပိုင်းတလျှောက် နောင်မထားကျေးရွာအနီးတွင် အခြေစိုက်တပ်စွဲထားသော ရှမ်းပြည်တပ်မတော်တောင်ပိုင်းအား မြန်မာစစ်တပ်မှမော်တာအမြောက်များဖြင့် ပစ်ခတ်ခဲ့သည်။ ရေနံပိုက်လိုင်းဂန်းကျင်တလျှောက်သည် စစ်တပ်များလှုပ်ရှားရာ ဧရိယာဖြစ်သည့်အပြင် ပြည်သူ့စစ်တပ်ပေါင်းစုံလှုပ်ရှားသည့် နယ်မြေလည်းဖြစ်သည်။ နှစ်ဦးနှစ်ဖက် တိုက်ခိုက်မှုသည် နမ့်ခမ်းတောင်ပိုင်းရှိ ရေနံပိုက်လိုင်းအတွက် မော်တော်ယဉ်ထားရာ တပ်စခန်းတွင်စတင်ခဲ့ပြီး ထိုပစ်ခတ်မှုများကြောင့် မေလ ၁၃ ရက်တွင် ရွာသား ၂ ဦးအသတ်ခံရကာ ၃ ဦး ဒဏ်ရာရခဲ့ရာ ဒဏ်ရာရသူများအတွင်း အမျိုးသမီးတစ်ဦးလည်းပါဝင်သည်။ သို့သော်မည်သည့်လက်နက်ကိုင်အဖွဲ့ကစတင်ပစ်ခတ်ခဲ့သည်ကို မသိရှိရပါ။

ယနေ့ထိုးစစ်သည် သဘာဝဓါတ်ငွေ့မပို့ခင် ရေ့လအလိုတွင် ဝင်တိုက်ခဲ့ကာ ဤစစ်ပွဲများကြောင့် မြန်မာအစိုးရ နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးနေမှုများ မျှော်မှန်းချက်ပန်းတိုင်သို့မရောက်ပဲ ပျက်ပြားသွားမည်ဖြစ်သည်။

"ပိုက်လိုင်းတလျှောက် အစိုးရစစ်တပ်များ တိုးချဲ့ဝင်ရောက်တိုက်ခိုက် လူ့အခွင့်အရေးချိုးဖောက် လာမည်ကို ရွာသူရွာသားများ အလွန်စိုးရိမ်နေကြတယ် ဒါဟာ ယနေ့လက်ရှိဖြစ်ပျက်နေသော အခင်း ဖြစ်ပါတယ်" ဒါကြောင့် နောက်ထပ်အကြမ်းဖက်မှုများ နှင့် ထိခိုက်မှုများပြင်းထန် ကျယ်ပြန့်စွာ မဖြစ်လာခင် "သမ္မတဦးသိန်းစိန်ရဲ့ တရုတ်စီးပွားရေးပါတနာများ ရေနံပိုက်လိုင်းစီမံကိန်းအား အမြန်ဆုံးရပ်တန့်သင့်ပါတယ်ဟု" ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ စိုင်းခေးဆိုင် ကပြောပါသည်။

လက်ရှိ ရှမ်း-တရုတ်နယ်စပ်တွင် တပ်စွဲထားသည့် ရှမ်းပြည်တပ်မတော်တောင်ပိုင်းအား နေရာမှ ဆုတ်ခွာထွက်သွားရေးအတွက် မြန်မာအစိုးရစစ်တပ်မှ ဆက်လက်ထိုးစစ်ဆင်နေမှု များကြောင့် ထွက်ပြေးတိမ်းရှောင်နေသော ရွာသူရွာသားများ ၄င်းတို့နေအိမ်သို့ ပြန်နေရန် စိုးရိမ်ကြောက်လန့် လျှက်ရှိပါသည်။ ထိုအတူ မေလ ၁၀ ရက်နေ့တွင် ထွက်ပြေးတိမ်းရှောင် နေသူတစ်ဦးအား မြန်မာအစိုးရစစ်တပ်မှ ရိုက်နက်သတ်ဖြတ်ခဲ့သည်။

နှစ်ကြာရှည်စွာဖြစ်တည်လာခဲ့သည့် ပဋိပက္ခ၏ အခြေခံစစ်မြစ်အား တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာပြီး ဖြေရှင်းနေသည့်ကာလ နှင့် စစ်မှန်သည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မရှိသေးသရွေ့ ရှမ်းပြည်နယ်အတွင်း လက်ရှိလုပ်ဆောင်နေသော အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ယာယီ ဆိုင်းငံ့ထားရန် ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှ တိုက်တွန်းပါသည်။

ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှာ ရှမ်းပြည်လူ့အခွင့်အရေးမဏ္ဍိုင်၊ ရှမ်းသဘာဝပတ်ဝန်းကျင် အဖွဲ့၊ ရှမ်းပြည်ဖွံ့ဖြိုးရေးမဏ္ဍိုင်၊ ရှမ်းပြည်အဖွဲ့အစည်း၊ ရှမ်းအမျိုးသမီးများလူပ်ရှားဆက်သွယ်ရေး အဖွဲ့၊ ရှမ်းလူငယ်ကွန်ယက်အဖွဲ့ နှင့် ရှမ်းလူငယ့်စွမ်းအား တို့ဖြစ်ကြသည်။

စစ်ဖြစ်သည့်နေရာမြေပုံညွှန်းနှင့်တကွ အပြည့်အစုံကို ရှမ်းပြည်လူ့အခွင့်အရေးမဏ္ဍိုင်၏ ဝက်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည် - [www.shanhumanrights.org](http://www.shanhumanrights.org)

ဆက်သွယ်ရန်
စိုင်းခေးဆိုင် +6681 672 2031
ယိင်းဟန်ဖ +6689 262 7848